ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ်  ၂၄ / ၂၀၂၆**

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း      ရက်

(၂၀၂၆ ခုနှစ်၊ ဇွန်လ      ရက်)

## နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်း

### ဖွဲ့စည်းခြင်း

၁။ အမျိုးသားလွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆၊ ၁၀၇ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးအောင်သီဟ | ရန်ကုန်တိုင်းဒေသကြီး<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၅) | **ဥက္ကဋ္ဌ** |
| ( ခ ) | ဒေါက်တာဗညားအောင်မိုး | မွန်ပြည်နယ်<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၇) | အဖွဲ့ဝင် |
| ( ဂ ) | ဦးမြင့်သိန်း | ကယားပြည်နယ်<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၃) | အဖွဲ့ဝင် |
| (ဃ) | ဦးစိန်ရွှေမင်း | မကွေးတိုင်းဒေသကြီး<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၄) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (င) | ဦးပြုံးချို | ဧရာဝတီတိုင်းဒေသကြီး<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၇) | အဖွဲ့ဝင် |
| (စ) | ဦးယုနိုင် | တနင်္သာရီတိုင်းဒေသကြီး<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၇) | အဖွဲ့ဝင် |
| (ဆ) | ဦးဆူရယ် | ကယားပြည်နယ်<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၄) | အဖွဲ့ဝင် |
| (ဇ) | ဦးခဲချိန် | စစ်ကိုင်းတိုင်းဒေသကြီး<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၁) | အဖွဲ့ဝင် |
| (ဈ) | ဦးဝဏ္ဏစိုး | ရန်ကုန်တိုင်းဒေသကြီး<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၁၂) | အဖွဲ့ဝင် |
| (ည) | ခွန်ထိုင်း | ရှမ်းပြည်နယ်<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၃) | အဖွဲ့ဝင် |
| (ဋ) | ဗိုလ်မှူးချုပ်ထွန်းထွန်းနိုင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဌ) | ဗိုလ်မှူးကြီးဇော်မင်းထက် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဍ) | ဗိုလ်မှူးကြီး မျိုးထွဋ်ဝင်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူး တင်ထွဋ် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးရဲရင့်စိုးညွန့် | ရန်ကုန်တိုင်းဒေသကြီး<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၇) | **အတွင်းရေးမှူး** |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ) အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့် အခါတိုင်း ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီအမည်ပြင်ဆင်ခြင်းနှင့် ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်ခြင်းတို့ ဆောင်ရွက်နိုင်သည်။

**ကော်မတီအစည်းအဝေးများ**

၄။ ကော်မတီအစည်းအဝေးများကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

**ကော်မတီ၏ တာဝန်များ**

၅။ ကော်မတီ၏တာဝန်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

(က) နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရန်၊

(ခ) နိုင်ငံသားတိုင်း တရားမျှတမှုနှင့် တန်းတူညီမျှမှုအခွင့်အရေး ခံစားခွင့်ရရှိရေးကို ဆောင်ရွက်ပေးရန်၊

(ဂ) နိုင်ငံသားတိုင်း အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းပါ အချက်များ အား ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် အသိပညာပေးရန်နှင့် ယင်းအချက်များ ကို လိုက်နာစောင့်စည်းကျင့်သုံးရေးကို ဆောင်ရွက်ပေးရန်၊

(ဃ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိက လွှတ်တော်သို့တင်ပြရန်၊

( င ) နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေး ချိုးဖောက်ခံရသဖြင့် ပြည်သူများ၏ တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်ခြင်း၊ လိုအပ်လျှင် လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်ဖြင့် ချိုးဖောက်ခံရသည့်နေရာအထိ သွားရောက်ကြားနာ စိစစ်ခြင်း ပြုလုပ်ပြီး လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရန်၊

( စ ) ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးရန်၊

(ဆ) ကော်မတီသည် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့်လည်းကောင်း၊ နိုင်ငံတကာပါလီမန်များ၏လူ့အခွင့်အရေးဆိုင်ရာကော်မရှင်တို့နှင့်လည်းကောင်း၊ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာကော်မရှင်နှင့်လည်းကောင်း၊ အခြားသော လုပ်ငန်းသဘာဝတူ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးဆိုင်ရာ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်လည်းကောင်း ဆက်သွယ်ချိတ်ဆက်လျက် ဒီမိုကရေစီအရေးနှင့် ပြည်သူ့အခွင့်အရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ရန်၊

( ဇ ) ကော်မတီသည် အခြားနိုင်ငံလွှတ်တော်များတွင် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးတို့နှင့်စပ်လျဉ်း၍ ကော်မတီ၊ ကော်မရှင်အဖွဲ့စသည်ဖြင့် ဖွဲ့စည်းဆောင်ရွက်ပုံများကို ဆက်သွယ်လေ့လာ၍ တွေ့ရှိချက်များအား လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရန်၊

( ဈ ) လွှတ်တော်ဥက္ကဋ္ဌက လိုအပ်၍ဖြစ်စေ၊ သင့်တော်၍ဖြစ်စေ လေ့လာစေသော သို့မဟုတ် ဆောင်ရွက်စေသော အထူးကိစ္စရပ်များကိုလည်း ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်၍ သတ်မှတ်သည့်အတိုင်း အစီရင်ခံစာပြုစုတင်ပြရန်၊

(ည) လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်တွင် တင်သွင်းသင့်ကြောင်း မှတ်ချက်ပြုသော အစီရင်ခံစာပါ အကြောင်းအရာနှင့်စပ်လျဉ်း၍ အသေးစိတ်ပြန်လည်ပြုစုပြီး ၂၀၁၂

ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၃ ပါ လွှတ်တော်အစည်းအဝေး၌ ဆောင်ရွက်ရမည့်ကိစ္စဖြစ်သည့် လွှတ်တော်သို့တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းနှင့် မှတ်တမ်းတင်ခြင်း ဆောင်ရွက်နိုင်ရေး စနစ်တကျ တင်သွင်းရန်၊

( ဠ ) ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရပါ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရပါ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရေး အမျိုးသားလွှတ်တော်ရုံးသို့ ပေးပို့ရန်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၆။ ကော်မတီ၏လုပ်ပိုင်ခွင့်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

(က) ကော်မတီသည် နိုင်ငံသားတစ်ဦးဦးမှ ၎င်းအပေါ် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးတို့နှင့်စပ်လျဉ်း၍ ချိုးဖောက်ခံရကြောင်း သံသယရှိလျှင် သက်ဆိုင်ရာနိုင်ငံသားများကိုလည်းကောင်း၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များကိုလည်းကောင်း ဖိတ်ကြား၍ ဆွေးနွေးနိုင်သကဲ့သို့ အခင်းဖြစ်ရာနေရာသို့ လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ကိုယ်တိုင်သွားရောက်၍ မေးမြန်းစိစစ်ဆွေးနွေးနိုင်သည်၊

( ခ ) ကော်မတီသည် ဆပ်ကော်မတီအလိုက်ဖြစ်စေ၊ အဖွဲ့ခွဲ၍ဖြစ်စေ၊ လိုအပ်သော ပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ဖွဲ့စည်း၍ဖြစ်စေ လိုအပ်သည့်ပြည်တွင်းနေရာဒေသ၊ အသင်းအဖွဲ့၊ ရုံး၊ အလုပ်ရုံ၊ လုပ်ငန်းတည်နေရာ သို့မဟုတ် အစိုးရရုံးဌာနများနှင့်

ပြည်တွင်းရှိ နိုင်ငံတကာအဖွဲ့အစည်းရုံးများသို့ တာဝန်အရ သွားရောက်လေ့လာ ဆောင်ရွက်နိုင်သည်။ ထိုသို့သွားရောက်လေ့လာဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားလွှတ်တော်ရုံးသို့ ခရီးစဉ်နှင့် အုပ်ချုပ်မှုဆိုင်ရာလိုအပ်သည်များကို ကြိုတင်ညှိနှိုင်းတင်ပြပြီး အမျိုးသားလွှတ်တော်ရုံး၏ စီစဉ်ပေးမှုဖြင့် ဆောင်ရွက်ရမည်၊

(ဂ) ကော်မတီ၏ လေ့လာတွေ့ရှိချက်များအရ ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ကဖြစ်စေ ပြုပြင်ပြောင်းလဲ စီစဉ်ပေးရန် သင့်သော သို့မဟုတ် လိုအပ်သလိုအရေးယူဆောင်ရွက်ရန်သင့်သော တွေ့ရှိချက်များ ရှိပါက လွှတ်တော်ဥက္ကဋ္ဌထံသို့ သက်ဆိုင်ရာအမှုတွဲနှင့်အတူ ပြည့်စုံစွာ ပြုစုတင်ပြရမည်၊

(ဃ) ကော်မတီသည် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်ပတ်သက်၍ ဆက်သွယ် ဆောင်ရွက်လိုခြင်း၊ တွေ့ဆုံဆွေးနွေးလိုခြင်း၊ အကြံဉာဏ်များပေးခြင်း၊ အကြံဉာဏ်များရယူခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ သွားရောက်လေ့လာလိုခြင်းများ ပြုလုပ်လိုပါက လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ကို ရယူဆောင်ရွက်ရမည်။

**ကော်မတီ၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများ**

၇။ ကော်မတီဝင်များသည်ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီ အစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၈။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

( ခ ) ကော်မတီအစည်းအဝေးတက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

( ဂ ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်